သတင်းထုတ်ပြန်ချက်

ချက်ချင်းဖြန့်ဝေနိုင်သည်

(၇) ရက် ဒီဇင်ဘာလ ၂၀၁၄

ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှုကော်မတီ

Action Committee for Democracy Development (ACDD)

**လူမှုရေးနှင့်နိုင်ငံရေး လှုပ်ရှားဆောင်ဆောင်ရွက်နေသော ကွန်ယက် (၁၈) ခုပူးပေါင်း၍ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအပေါ် လူထုသဘောထားအမြင်ကောက်ခံ၍ အစီရင်ခံစာထုတ်ပြန်**

လူမှုရေးနှင့်နိုင်ငံရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်နေသော ကွန်ယက် (၁၈) ခုဖြင့် *ဖွဲ့စည်းထားသည့် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှုကော်မတီ* (Action Committee for Democracy Development - ACDD) သည် ၂၀၁၂ ဖေဖော်ဝါရီလ ၂၄ ရက်နောက်ပိုင်းတွင် အဆင့်ဆင့်ပြဋ္ဌာန်းအတည်ပြု အကောင်အထည်ဖော် ခဲ့သော ရပ်ကွက် (သို့) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူခဲ့ပြီး စစ်တမ်းတွေ့ရှိ ချက်များအား ယနေ့နံနက်၌ ရန်ကုန်မြို့တွင် နိုင်ငံရေးပါတီဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက် လူထုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့်တွေ့ဆုံကာ ရှင်းလင်းတင်ပြခဲ့သည်။

အစီရင်ခံစာအား ၂၀၁၄ ခုနှစ် ဇွန်လနှင့်ဩဂုတ်လကာလ အတွင်း ပြည်နယ်(၃) ခု၊ တိုင်းဒေသကြီး (၆) ခုအတွင်းရှိ မြို့နယ် (၇၂) မြို့နယ်မှ အမျိုးသမီး (၅၉၄) ဦးနှင့် အမျိုးသား (၁၀၄၀) ဦး၊ ပေါင်း (၁၆၃၄) ဦးတို့နှင့် တွေ့ဆုံမေးမြန်း ချက်အပေါ် အခြေခံထားခြင်းဖြစ်ပြီး ပြည်သူများအနေနှင့် ၄င်းတို့၏ ရွေးချယ်ပိုင်ခွင့်အာဏာကို သိရှိခြင်းရှိ/မရှိ အနီးစပ်ဆုံးရှိနေသော အုပ်ချုပ်ရေးမှူးများအား ရွေးချယ်ရာတွင် နိုင်ငံသားအခွင့်အရေးကို အပြည့်အဝသုံးနိုင်ခြင်းရှိ/မရှိ စသည်တို့ပေါ် စစ်တမ်း ကောက်ယူ၍ အစီရင်ခံစာတွင် ဆန်းစစ်သုံးသပ် ဖော်ပြထားပါသည်။

ကွန်ယက်များအနေဖြင့် မိမိတို့၏ တစ်နိုင်တစ်ပိုင် ကြိုးပမ်းအားထုတ်မှု၏ ရလဒ်များအား သက်ဆိုင်ရာနိုင်ငံရေးပါတီ အစုအဖွဲ့များ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ မီဒီယာများအားတင်ပြခြင်းမှတဆင့် လက်ရှိ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြုပြင်ပြောင်းလဲရေးတွင် ပြည်သူများ၏ အခန်းကဏ္ဍကို စုပေါင်းအားထုတ်ဖော်ပြလိုခြင်းဖြစ်ကြောင်း ACDD ကွန်ယက် ခေါင်းဆောင်တစ်ဦးဖြစ်သူ ရဲကျော်သူမှ ပြောသည်။

"ကျွန်တော်တို့ စစ်တမ်း ကောက်ခံရခြင်း ရည်ရွယ်ချက်ကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး မှာ ပြည်သူတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေအနေနဲ့ တစ်ထောင့်တစ်နေရာက ပါဝင်ပံ့ပိုးချင်လို့ပဲ ဖြစ်ပါတယ်။ ဒီအစီရင်ခံစာပါတွေ့ရှိချက်တွေက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် တစ်စုံတစ်ရာ အကျိုးပြုနိုင်မယ်လို့

မျှော်လင့်ပါတယ်။ ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးတွေမှာ တိုးတက်ပြောင်းလဲမှုတွေ ဖြစ်လာဖို့ဆိုရင် ကျွန်တော်တို့ ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်မှဖြစ်မယ်ဆိုတာတွေ့ရပြီး အဓိက ပုဒ်မ ၂၈၈ နဲ့ ၂၈၉ ကိုပြင်ဖို့လိုပါတယ်" ဟု ၎င်းကဆိုသည်။

အစီရင်ခံစာတွင် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁/၂၀၁၂) ရက်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် ၂၀၁၂ ခုနှစ် မတ်လ ၂၈ ရက်နေ့က ၎င်းဥပဒေကို ပြင်ဆင်သော ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၇/၂၀၁၂) တို့၏ အားနည်းချက်များ၊ ဒီမိုကရေစီ အခြေခံစံများနှင့် လွဲချော်နေမှုကို သုံးသပ်တင်ပြထားသည်။

"ကျွန်တော်တို့ အဓိကတွေ့ရတာကတော့ ကျေးရွာအဆင့်မှာ ပြည်သူတော်တော်များများဟာ ဥပဒေရှိမှန်းတောင်မသိ ဖြစ်နေပါတယ်။ အချို့ ဒေသတွေမှာဆိုရင်လဲ ကျေးရွာအဆင့် အုပ်ချုပ်ရေးမှူးတွေ ရွေးချယ်ခန့်အပ်မှုနဲ့ သူတို့တွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေက ကျေးရွာနေ ပြည်သူတွေရဲ့သဘောနဲ့ ဆန့်ကျင်နေတဲ့အပေါ် နစ်ဖက်ကြားတင်းမာမှုတွေ ဖြစ်တဲ့အခါတွေလဲရှိပါတယ်။ ဥပဒေတွေမှာ အားနည်းချက်တွေရှိနေပြီး အကောင်အထည်ဖော်မှုပိုင်းကလည်း လိုအပ်ချက်တွေ အများကြီးရှိနေသေးတာ တွေ့ရပါတယ်" ဟု ကွန်ယက်အဖွဲ့ဝင်လဲဖြစ် ကိုယ်တိုင်စစ်တမ်းကောက်ခံခဲ့သူ ကိုအောင်မြင်က ဆိုသည်။

ACDD ကို ၂၀၁၃ ခုနှစ်တွင် စတည်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် ရဟန်းသံဃာများ၊ တိုင်းရင်းသားလူနည်းစုဝင်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ နိုင်ငံရေး အကျဉ်းသားဟောင်းများ၊ လယ်သမားများနှင့် ရေလုပ်သားများဖြင့် ပါဝင်ဖွဲ့စည်း ထားသည့် ရပ်ရွာလူထုအခြေပြုကွန်ယက်စုစုပေါင်း (၁၈) ခု စုပေါင်းထားသော မဟာမိတ်အဖွဲ့တစ်ခုအဖြစ် လှုပ်ရှားဆောင်ရွက်နေသည်။ ယခုထုတ်ပြန်သော အစီရင်ခံစာသည် ကွန်ယက်အဖွဲ့ဝင်များစုပေါင်းထုတ်ပြန်သော ပထမဆုံး အစီရင်ခံစာဖြစ်သည်။

***အင်တာဗျူးအတွက် ဆက်သွယ်ရန်*** *- ရဲကျော်သူ +၉၅ (၀)၉၄၅၂၃၃၆၃၀၀ ဖွန်ပန်း +၉၅ (၀)၉၄၄၉၀၃၄၆၅ အောင်မြင် +၉၅ (၀)၉၂၅၉၀၃၈၂၂၈ (မှတ်ချက် - ဆက်သွယ်ရန်ပုဂ္ဂိုလ်များသည် မြန်မာဘာသာဖြင့်သာ အင်တာဗျူးပြုလုပ်မည် ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် အင်တာဗျူးပြုလုပ်လိုသူများအတွက် ဘာသာပြန် ထားရှိသွားမည်ဖြစ်သည်။*

အစီရင်ခံစာ (မြန်မာဘာသာ) အပြည့်အစုံကို အောက်ပါဝက်ဆိုက် လိပ်စာတွင် ဒေါင်းလုပ်ရယူနိုင်ပါသည်။ http://www.scribd.com/doc/249394043/Report-on-Public-Opinion-on-Yard-Village-Administrative-Law-Burmese-ACDD